ရတနာပုဏ္ဏ၊ ပဉ္စမ-မြို့နန်း၊ ဖန်ဆင်း
တည်ထောင်တော်မူသော။
ပဥ္စမသင်္ဂါယနာတင်၊ ဘုရင်မင်းတရားကြီး
ထုတ်ပြန်တော်မူသည့်၊

# ( သာသနာပြု။ )
# အမိန့်တော်ပြန်တမ်းကြီး။

—( ကဒို။ )—

ဘုရားရှင်-သာသနာတော်။ ထွန်းပေါ်-စည်
ကား၍၊ ပုဟာန်း,ရှင်,လူ ခပ်သိမ်းသူတို့၊
အကျိုးများကြရန်အလို့ငှာ။

မော်လမြိုင်ကျွန်းမြို့၊
ကျောင်းအမ-ဒေါ်ပုံ။ သိမ်ကြီးအမ-ဒေါ်မြ၊
တို့က-ပုံနှိပ်လုပ်ဆောင်ပါသည်၊
( စာအုပ်ရေ-၂၀၀၀၊ )

၁၂၉၀-ပြည့်နှစ်၊နယုံလအတွင်းပုံနှိပ်သည်၊
လောကမျက်မှန်စာပုံနှိပ်တိုက်။
မော်လမြိုင်ကျွန်းမြို့၊
အစိုးရရုံးအနီး။

ရတနာပုဏ္ဏ။ ပဋ္ဌမမြို့၊ နန်း၊ မန်ဆင်းတည်ထောင်တော်
မူသော။ ပဉ္စမသင်္ဂါယနာတင်၊ ဘုရင်မင်း
တရားကြီး၊ ထုတ်ပြန်တော်မူသော၊

# သာသနာပြု၊

# အမိန့်တော်ပြန်တမ်းကြီး။

"နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ။"

ဥဘတော ဝိဘင်္ဂ သိက္ခာပုဒ်တို့၏ အဋ္ဌုပ္ပတ္တိ
တိုင်းမှာပင်၊ "မနုဿာ ဥဇ္ဈာယန္တိ ခီယန္တိ ဝိပါစေန္တိ"
ပါဠိတော် လာသည်နှင့်အညီ၊ အလဇ္ဇီ-ပါပဘိက္ခုကို၊
ပြုကြသော၊ ရဟန်းတို့ကို၊ ရတနာသုံးအင်၊ ခင်မင်
ကြည်ညိုသော ဒါယကာတို့၊ သဒ္ဓါမြိုငြင်၊ ဖြစ်တင်
စကား၊ ပြောဆိုများသဖြင့်၊ ထိုအလဇ္ဇီရဟန်းတို့အား။
ပဗ္ဗာဝါဒငြိမ်းစေခြင်း၊ လဇ္ဇီထေရ်မှန်။ သီလဝန္တို့
အားလည်း။ သတိဝေပုလ္လဖြစ်ကြ၍၊ အကျိုးစီးပွား
များစေရန်၊ ရည်သန်တောင့်တလျှက်၊ သာသနာပြု
"ရှင်းကလေးကျွန်းဆရာတော်" ဘုရားကြီးနှင့်တိုင်
ပင်၍။ "သာသနာပိုင်ဆရာတော်၊ ပြည်ဆရာတော်၊
ခင်မကန်ဆရာတော်။ မဂ္ဂရာဆရာတော်" စသော

ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်၊ စပါးမျိုး(၇)ပါး၊ကျွန်မိန်းမ၊ ကျွန်ယောက်ျား၊ ကျွဲ, နွား,ခွေး, ဝက်,ကြက်,ငှက်,လယ်ယာ၊ ပန်းအရာမ်, သစ်သီးအရာမ်,စသော၊ ဒုက္ကန္တဝတ္ထုတို့ကိုရှာဖွီးခြင်း၊ အနိုး၌ထားသည်ကို သာယာခြင်း၊ သိုမှီးသိမ်းဆည်းခြင်း ဟူသော-အလဇ္ဇီဓမ္မ၊ နိဿဂ္ဂိယဝတ္ထုချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း။ နိဿဂ္ဂိယဝတ္ထုဖြင့်၊ ဒုက္ကန္တဝတ္ထုကိုလဲလှယ်ရောင်းဝယ်ခြင်း။နိဿဂ္ဂိယဝတ္ထုဖြင့်၊ဆွမ်းဆန်,ဖျင်,ပုဆိုးစသော၊ကပ္ပိယဝတ္ထုကို၊ လဲလှယ်ရောင်းဝယ်ခြင်း၊ ဒုက္ကန္တ ဝတ္ထုချင်းချင်း လဲလှယ်-ရောင်းဝယ်ခြင်း။ ဒုက္ကန္တဝတ္ထုဖြင့်၊ နိဿဂ္ဂိယဝတ္ထု, ကပ္ပိယဝတ္ထုတို့ကို၊လဲလှယ် ရောင်းဝယ်ခြင်းစသောအလဇ္ဇီဓမ္မ။

ရဟန်းတို့ပရိက္ခရာကိုရောင်းချ၍ရသော၊ရွှေ,ငွေစသော၊ နိဿဂ္ဂိယ ဝတ္ထုတို့ကို၊ ခံခြင်းဟူသော အလဇ္ဇီဓမ္မ။ ။

ရဟန်းတို့ကပ္ပိယပရိက္ခရာဖြင့်၊ခဝါသည်စသော လူတို့ထံ၊ကွမ်းအစ်,ထုံးဘူး,ကံ့ကူ,ပုရပိုက်စသော ကပ္ပိယဝတ္ထုကို၊ကိုယ်တိုင်လဲလှယ်ရောင်းဝယ်ခြင်း ဟူသောအလဇ္ဇီဓမ္မ၊

ပန်းပေးခြင်း။ သစ်သီး ပေးခြင်း၊ ကသည်မှုန့်၊ မြေညက်,ဝါးဒန်ပူ, ဆေးပေးခြင်း,သလုံးမြင်းခေါင်း

ဖြင့်၊ ဒါယကာတို့ အစအပါးကိုခံခြင်း၊ ဤရှစ်ပါး သော၊ ကုလဒူသကအမှုကို ပြုခြင်းဟူသော အလဇ္ဇီဓမ္မ၊ ၊ဝါးပေးခြင်းစသော(၂၁)ပါးသော၊ အနေသန,တို့၌ အကျုံးဝင်သော၊ လူတို့ကို ထမင်းကျွေးခြင်း၊မုန့်ပေးခြင်း၊ကွမ်းဆေးတည်ခြင်း၊နေရာခင်း၍ အရိုအသေပြုခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသောအလဇ္ဇီဓမ္မ၊

အသက်မွေးခြင်းဟူသော အကြောင်းကြောင့်၊ ပညတ်တော်မူအပ်သော၊ ခြောက်ပါးသော သိက္ခာပုဒ်ကို လွန်ကျူးခြင်း၊ အံ့ဘွယ်သရဲကို ဖြစ်စေ၍၊ လာဘ်ကိုရှာမှီးခြင်း၊ ပစ္စည်းရခြင်း၏အကြောင်းကို ပြောဆို၍၊ လာဘ်ကိုရှာမှီးခြင်း၊ ရအပ်ပြီးသော အနည်းငယ်သောလာဘ်ကိုပေးသဖြင့်၊ မရသေးသော များစွာသောလာဘ်ကို၊ တောင့်တရှာမှီးခြင်းစသော၊ ယုတ်မာသောသဘော၏အစွမ်းဖြင့်ဖြစ်သော၊မိစ္ဆာဇီဝဟူသောအလဇ္ဇီဓမ္မ၊

ဆင်းစီး,မြင်းစီး, ရထားစီး,အတတ်စသော၊ မဂ်ဖိုလ်,မှ ဗီလာဖြစ်သော၊တိရစ္ဆာနပိဇ္ဇာအတတ်မျိုး၌၊ အကျုံးဝင်သော၊ ပြဒါးသတ်ခြင်း၊ ပြာချခြင်း၊ ခဲစေခြင်း,စသည်ကိုဆိုသော၊ တိရစ္ဆာနပိဇ္ဇာလောကာယတကျမ်းကို၊ ရဟန်းတို့-သင်လည်းမသင်အပ်၊ သူတပါးကိုလည်းမပြောအပ်၊ကြေးငွေမပါ၊သစ်မြစ်

သစ်ချွတ်စသော ဆေးဖြင့်သာပြုသော်လည်း၊ ၎င်း အတတ်တို့ကို၊ လေ့လည်းမလေ့ကျက်အပ်။ သူ့ဘာပါး ကိုလည်းမပြုအပ် လုပ်လည်းမလုပ်အပ်၊ လေ့ကျက် ပြုသပြုလုပ်သောရဟန်းတို့သည်။ ခွန်းတိုင်းခွန်းတိုင်း ပယောဂတိုင်း,ပယောဂတိုင်း၊ ဒုက္ကဋ်အာပတ်သင့် ခြင်းဟူသောအလဋ္ဌိခမ္ဘ၊

ငွေနှင့်ခဲကြေးကိုစပ်၍၊ စပ်တူအင်္ဂရုတ်ပြုလုပ်သူ တို့သည်၊ လုပ်ဆောင်ရန် ငွေကိုခံကတည်းကပင်၊ နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်။ ခဲကြေးကိုငွေ နှင့်စပ်၍သုံးသောအခါ၊ ခိုးခြင်း(၂၅)ပါးတွင်၊ ထေ ယျာဝဟာရ,၌၊ အကျုံးဝင်သောကြောင့်၊ ကုဋမာက ဟာပဏာဝဟာရဖြင့်ဆုံးဖြတ်အပ်သည်၊ ကြေးနီ(၅) ကို၊ ရွေမွေးထင်စေ၍သုံးဆောင်လျှင်၊ ပါရာဇိကဖြင့် ဆုံးဖြတ်အပ်သည်ဟုလာသည်ကို၊ ပြုကျင့်ကျူးလွန် ခြင်းဟူသောအလဋ္ဌိခမ္ဘ၊

ထိုးကွင်း, ခါးလှည့်,လက်ဖွဲ့, အင်းအိုင်,ထားပြီး လုံပြီးစသော အတတ်မျိုးသည်၊ မင်္ဂ,ဖိုလ်,မှ ဗိလာ၊ တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်း၌၊ အကျုံးဝင် သောကြောင့်၊ ရဟန်းတို့ မပြုမကျင့်အပ် သည်ကို၊ ကျင့်ခြင်းဟူသောအလဋ္ဌိခမ္ဘ၊

ထိုအတတ်ကို မှီ၍ရသော ပစ္စည်းတို့ကိုလည်း၊ ရဟန်းတို့မသုံးဆောင်ထိုက်ဘဲ၊ သုံးဆောင်ခြင်းဟူ

သောအလဇ္ဇိဓမ္မ၊ အနာရောဂါမရှိဘဲ၊ရထားပေါင်းချုပ်၊လှည်းထမ်းစင်,သန်လျင်း,စသောယာဉ်တို့ကို၊ရဟန်းတို့မစီးအပ်သည်ဖြစ်လျက်၊ စီးခြင်းဟူသောအလဇ္ဇိဓမ္မ။

ခြေကွဲခြင်း။ ခြေအသားစွန်းထွက်ခြင်း။ အလွန်မြေကြမ်းခြင်း၊ ·အလွန်ပူခြင်းဟူသော၊ အကြောင်းမရှိဘဲ၊ဘိနပ်စီးနင်း၍၊မြို့တွင်းရွာတွင်းသို့၊မဝင်အပ်ဘဲလျက်၊ဝင်ခြင်းဟူသောအလဇ္ဇိဓမ္မ။

အလုံးစုံဖြူသောဘိနပ်၊လူတို့အသုံးအဆောင်နှင့်တူသော၊သာမဏာသာရုပ္ပ,မဖြစ်သော၊နီသောသည်းကြိုး၊မဲသောသည်းကြိုးတပ်သောဘိနပ်တို့ကိုရဟန်းတို့အချင်းခပ်သိမ်း၊ မစီးကောင်းဘဲလျက်၊ စီးခြင်းဟူသောအလဇ္ဇိဓမ္မ။

ပြောက်ကျားသော သားမွေးဖြင့် ပြီးသော၊ သဘော်-ကောဇော၊ တရုပ်-ကောဇောတို့သည်၊ တရားဟောပလ္လင်၊ဆွမ်းစား,ဇရပ်အိမ်ဌာ၊လူတို့ခင်းအပ်သည်ကိုကြည့်၍။ ဘူမတ္ထရဏာပြုလျက်၊ ကပ္ပိယအခင်းမခင်းဘဲ၊ အိပ်ခြင်း,ထိုင်ခြင်းငှာ မအပ်သည်ကို၊လွန်ကျူးကျော်နင်းခြင်းဟူသော အလဇ္ဇိဓမ္မ၊၊

ကိုယ်ပူနာ,မျက်စိနာ,သည်းခြေနာ,စသော၊အနာဟူသောအကြောင်းမရှိဘဲ၊ ရဟန်းတို့ထီးမဆောင်းအပ်သည်ကို၊ဆောင်းခြင်းဟူသောအလဇ္ဇိဓမ္မ၊

ကခြင်း,သီခြင်း,တီးမှုတ်ခြင်း,နှင့်စပ်သော၊ဆိုင်းကချေသည်၊ ရုပ်သေး,ရုပ်ရုံ,ဇာတ်, ပုံရှည်စသော၊ အလုံးစုံသော သဘင်မျိုးတို့ကို၊ မိမိပယောဂဖြင့်လည်းမသွင်းစေအပ်၊ ရာဂစသော-ကိလေသာပွားကြောင်းဖြစ်သော၊ ကုသိုလ်အတွက်ငှါဖျက်ဆီးတတ်သော၊သာသနာတော်၏ဆန့်ကျင်ဘက်၊ ဆူးငြောင့်သဘွယ် ဖြစ်သော၊ သဘင်ခံခြင်း။ ဘာရတမင်း,စသည်ကို၊ပြောဟောနာခံခြင်း၊ လက်ခုတ်တီးခြင်း၊ စည်ပုတ်တီးခြင်း။ အိုးစည်တီးခြင်း၊ ကချေသည်တို့ကို-က,စေခြင်း၊ သံချောင်းကစားခြင်း၊ အရိုးဆေးကစားခြင်း၊ ဝါးထောင်ကစားခြင်း။ ဖဲရိုက်,အံခတ်,စစ်ဘုရင်၊ ဆင်တိုက်,မြင်းတိုက်၊ ကျွဲတိုက်,နွားတိုက်, ဆိတ်တိုက်၊ သိုးတိုက်, ကြက်တိုက်၊ ငုံးတိုက်၊ကျည်းသားရိုက်,ဒုတ်ပေါက်၊ လက်ဝှေ့သတ်ကစားခြင်း၊ စစ်ထိုးခြင်း, ဗိုလ်ရေတွက်ခြင်း။ စစ်သည်ရှုခြင်း။ ဆင်, မြင်း, ရထား, ခြေသည်တို့ကိုကြည့်ရှုခြင်း၊ မီးပြု, မီးဝါစသောမီးမျိုး၊ မီးပန်းတုန်း,စသောရှူးမီးမျိုး၊မီးအိမ်ချုံ,တုန်းရှို,ပြောက်ခွဲစသော၊ အလုံးစုံသော အမှုသည်၊ ဝိသုကဖြစ်၍၊ ရဟန်းတို့မအပ်မစပ်သော အမှုတို့ကို၊ လွန်ကျူးကျော်နင်း၊ ပြုလုပ်စီရင်၊ ကြည့်ရှု-နားထောင်ခြင်း ဟူသော၊ အသဗ္ဗိစမ္မ၊

ဖြစ်နွား,ရဟန်းတို့သည်။လှော်လှေ,လှော်လောင်း ပြုပြင်၍ ကစားလိုသောစိတ်ဖြင့်။ ထိုမှ,ဤမှ မသွား မလာအပ်သည်ကိုသွားလာခြင်းဟူသောအလဇ္ဇီမြွေ။

ယာဝဇီဝက,ဖြစ်သော၊ကွမ်းဆေးတို့ကို၊ နေလွဲ အခါ၊အနာဟူသော အကြောင်းမရှိဘဲ၊ သုံးဆောင် ခြင်း၌ အကပ်ခံခြင်း၌၎င်း၊ မျိုတိုင်း,မျိုတိုင်း၌၎င်း၊ ဝိကာလဘောဇန, သိက္ခာပုဒ်၏ အန္တရာပတ်ဖြင့်၊ ဒုက္ကဋ်အာပတ်သင့်သည်၊ ယမန်နေ့၌၊ အကပ်ခံအပ် ပြီးသော ကွမ်းဆေးတို့ကို၊ နံနက်အခါ၌၊ အနာဟူ သောအကြောင်းမရှိဘဲ၊အာဟာရအလို့ငှါခံယူခြင်း မျိုခြင်းတို့၌။ သန္နိဓိကာရ,သိက္ခာပုဒ်၏ အန္တရာယ် ဖြင့်၊ ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုကွမ်းဖတ်,ဆေး ဖတ်, ကွမ်းသီးဖတ်,မကောင်းသောခံတွင်းဖြင့်၊ ဆွမ်း စသော အာမိသ,ကို စားသောအခါ၊ မျိုတိုင်း,မျို တိုင်း၊ သန္နိဓိပါစိတ်,အာပတ်သင့်သည်၊ဆွမ်းစား ပြီး၊အာမိသ,မကောင်းသောခံတွင်းဖြင့် ကွမ်းဆေးတို့ ကို၊ သုံးဆောင်သောအခါတို့၌လည်း၊ မျိုတိုင်း,မျို တိုင်း၊သန္နိဓိပါစိတ်အာပတ်သင့်သည်။နေလွဲအခါ၊ ယမန်နေ့ကအကပ်ခံပြီးသောကွမ်းဆေးတို့ကို။အနာ ဟူသောအကြောင်းမရှိဘဲ၊သုံးဆောင်ခြင်း၌၊ခံယူ ရာ,မျိုရာတို့၌၊ဝိကာလဘောဇနသိက္ခာပုဒ်၊ သန္နိဓိ ကာရသိက္ခာပုဒ် နှစ်ပါးတို့ဖြင့်၊ ဒုက္ကဋ်အာပတ်နှစ်

ချက်သင့်သည်ဖြစ်၍၊ ယမန်နေ့က အကပ်ခံအပ်သော ကွမ်းဆေးတို့ကို၊ အကြောင်းမဲ့ အချင်းခင်သိမ်း၊ မသုံးဆောင်အပ်။ ထိုနေ့အကပ်ခံအပ်သော၊ ကွမ်းဆေးတို့ကို၊ နေလွဲအခါ၊ အကြောင်းမဲ့မသုံးဆောင်အပ်သည်ကို၊ သုံးဆောင်ခြင်းဟူသောအလဇ္ဇိဓမ္မ၊

ဦးခေါင်းပူနာ, ကုတ်ဟီးချောင်းဆိုးကြီးနာ၊ ဘိပ်ခပ်နာ, ဟူသောအကြောင်းမရှိဘဲ၊ အခိုးတံဆေးသိပ်တို့ကို၊ မသောက်မရှုအပ်၊ ယမန်နေ့က-အကပ်ခံအပ်သော၊ အခိုးတံဆေးလိပ်၊ ထိုနေ့အကပ်ခံအပ်သော အခိုးတံဆေးလိပ်တို့ကို၊ သောက်ရှုသော ရဟန်းအား၊ ကွမ်းဆေး၌ ဆိုအပ်ခဲ့ပြီးသည်အတိုင်း၊ အာပတ်သင့်သည်ကို မရှောင်မကြဉ်ဘဲ၊ ပြုကျင့်ကျူးလွန်ခြင်းဟူသောအလဇ္ဇိဓမ္မ၊

ထင်ရှားရှိသော ရဟန်းကို၊ မပန်မကြား မူ၍၊ ရှောင်တခင် ပြုအပ်သောကိစ္စမရှိဘဲ၊ နေလွဲအခါ၊ မြို့တွင်းရွာတွင်းသို့ မဝင်အပ်သည်ကို၊ ဝင်ခြင်းဟူသောအလဇ္ဇိဓမ္မ၊

ဤသို့စသော အလဇ္ဇီအဖြစ်ကို ပြုတတ်သော၊ သိက္ခာပုဒ်တို့ကို၊ လေးစားမှု။ သဗ္ဗညုဘုရား-ရှင် မျက်နှာတော်ကို မထောက်မညှာ၊ တသက်လျှာမျှ၊ လာဘ်ပူဇော်သက္ကာရကိုငဲ့၍၊ ရဟန်းကောင်းတို့၏

အသွင်အပြင်။ အဝတ်အဆင်ကား၊ အရောင်တွေ့စေ၊ ဖြတ်သောအဝတ်၊ အကျင့်ကား၊ သာသနာတော်၏ ဆုံးခြောက်တွင်လာတတ်၊ ယုတ်မာလှသော အကျင့်ဖြစ်၍၊ သာသနာတော်ကို ဖျက်ဆီး တတ်သော၊ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို။ အားပေး၊ အားမြှောက်။ ပူဇော်လှူဒါန်း သူတို့သည်၊ အလဇ္ဇီနှင့် ပေါင်းဘက်၍။ သာသနာ တော်ကို ဖျက်ဆီးသည် မည်လေ သောကြောင့်၊ အမိန့်တော် ပါရှိသည့်အလဇ္ဇီမွှတ်ကိုကို။ လွန်ကျူး ကျော်နင်း၍၊ ကျင့်သောအလဇ္ဇီပုဂ္ဂိုလ်တို့ကို၊ ရွှေမြို့ တော်မှစ၍၊ နိုင်ငံတော်အတွင်း၊ အရပ်ရပ်မြို့၊ ရွာ ရွာနေလူတို့၊ မကိုးကွယ်-မလှူဒါန်းကြစေနှင့်။ မြို့ရှင် ရွာရှင်တို့က၊ မြို့ရွာနေလူတို့ကို။ နိုင်နင်းအောင်မြစ် တားစေ။ ကိုးကွယ်ရင်းဖြစ်၍၊ ကိုးကွယ် လိုလျှင်၊ အလဇ္ဇီမွှတ်ကိုကိုစွန့်စေ၍၊ အပြစ်အားလျော်စွာဝိနည်း ကံဖြင့်ကုစားစေပြီးမှ၊ ကိုးကွယ်လှူဒါန်းမြဲ-လှူဒါန်း စေ၊ အလဇ္ဇီပုဂ္ဂိုလ်မှန်းသိလျက်၊ အမိန့်တော်-အာ ဏာတော်ကိုမတည်၊ ကိုးကွယ် လှူဒါန်း၊ အားပေး အားမြှောက်ပြု၍၊ သာသနာတော်ကိုဖျက်ဆီးသူတို့ ကို၊ အများကြောက်ရွံ့၍၊ သာသနာတော်ကို။ သေး ရန်ကင်းငြိမ်းအောင်၊ တင်းတင်းကြပ်ကြပ်။ အတွင်း ဝန်တို့ကစ၍ရင်၊ ထီးရုံ၊နန်းရုံ၊စော်ဘွား၊မြို့စား၊မြို့ဝန်၊ မြို့သူကြီးတို့ကို၊ ပေ့နှံ့အောင်ပြန်ဆိုမှာထားစေ၊

သက္ကရာဇ်-၁၂၁၇-ခု။ တပို့တွဲ လဆန်း(၁၀)ရက်နေ့။
ပဥ္စမသင်္ဂါယနာတင်၊ မင်းတုန်းဘုရင်မင်းမြတ်၏
( အမိန့်တော်ပြန်တမ်းကြီး ပြီး၏။ )

---

မြတ်စွာဘုရားကြီးသည်-ပရိနိဗ္ဗာန်ပြုခါနီး၌၊
ဆုံးမတော်မူကဲ့သောသြဝါဒဂါထာ။

---

ယန္တဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယ
ဓမ္မာ၊ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ။

ဘိက္ခဝေ၊ ကိလေသာမာန်။ဘေးဘယံကို၊တွန်းလှံ့ပါယ်ချ။ ငါ့သားလှတို့။ ဟန္တဒါနိ၊ ဇီဝိန်ကျွေလု။ သက်အာယု၏။ ငါမှုအခါ၌။ဝေါတုမှာကုံ၊ သံသရာဝန်၊တဖြာညွှန်မှု။ လွန်စွာထွက်သွား၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ သုံးလူ့ချစ်ဆွေ၊ ငါပရမေသည်။သိစေတော်မူပြားအံ့၊ သင်္ချာသင်္ခါရာ၊ဘေးဘုံမကာ၊သင်္ခါရသဘောတရားတို့သည်၊ ခယဓမ္မာ။ တနေ့တခြား၊ တိမ်းပါးယိုယွင်း၊ ပျက်စီးခြင်းသဘောရှိကြလေကုန်၏။ ဝယဓမ္မာ၊ပျက်စီးချိန်ရောက်။ တည်ထောက်မရ။ သင်္ခါရသဘော တရားတို့ကို။ တုံမှေ့၊ သင်ချစ်သား တို့သည်။ အပ္ပမာဒေန၊ သတိဉာဏ်ညှဉ်၊သမ္ပဇဉ်။အပ္ပမာဒဖြင့်။သမ္ပာဒေထ၊ပြည့်စုံကြစေကုန်လော့။ ။

pdf creator - Wanna Soe